BURMESE WOMEN'S UNION

# အမျိုးသမီးများဆိုင်ရာ သတင်းသုံးသပ်ချက်

၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှ မတ်လအထိ



Credit: Rosey Women’s Union - Dawei

@HTTPS://BURMESEWOMENSUNION.ORG

## ၁။ အနှစ်ချုပ်

မတ်လ (၈) ရက်နေ့သည် နိုင်ငံတကာ အမျိုးသမီးနေ့ ဖြစ်သည်။ နိုင်ငံတကာ အမျိုးသမီးနေ့ အထိမ်းအမှတ် အဖြစ် အမျိုးသမီးများ၏ ရုန်းကန်မှု၊ တော်လှန်မှုများကို အသိအမှတ်ပြုသည့် အနေဖြင့် အမျိုးသမီး အခွင့်အရေး လှုံ့ဆော်မှု၊ လှုပ်ရှားမှုများစွာ ပြုလုပ်ခဲ့ကြသည်။ မြန်မာပြည်ရှိ အမျိုးသမီးများသည် အစဉ်အဆက် လူမှုဘ၀ မလုံခြုံမှု၊ စိတ်ပိုင်း၊ ရုပ်ပိုင်း ဖိနှိပ်မှုများ၊ ဖိုဝါဒီ လွှမ်းမိုးကာ အမျိုးသမီးများအား တဆင့်နိမ့် ဖြစ်တည်မှု အဖြစ် ပုံဖော်သော လူ့အဖွဲ့အစည်းနှင့် တရားဥပဒေ စိုးမိုးမှု မရှိသော ယန္တယားထဲတွင် ရှင်သန်နေရသည်။ ၎င်း ဖြစ်ရပ် အခြေအနေများသည် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှစ၍ အဆိုးရွားဆုံး အခြေအနေတို့ ရောက်ရှိခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုသည် နယ်ပယ်စုံမှ အမျိုးသမီးများအား ဥပဒေမဲ့မတရား ဖမ်းဆီးခြင်း၊ အသက်အန္တရာယ်ဖြစ်စေနိုင်သည်ထိ ခြိမ်းခြောက်ခြင်း၊ စစ်ကြောရေးစခန်းများတွင် လိင်ပိုင်ဆိုင်းရာညှင်းပန်း နှိပ်စက်မှုအပါအဝင် နည်းပေါင်းစုံဖြင့်အကြမ်းဖက် ညှင်းပန်း နှိပ်စက်ခြင်း၊ နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း များ အထိ အမျိုးသမီးများအပေါ် အကြမ်းဖက်၊ ဖိနှိပ်မှုများ ယနေ့တိုင် ပြုလုပ်နေဆဲ ဖြစ်သည်။ အဆိုးရွားဆုံးသော ဖိနှိပ်မှုများကြားတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ မှ မတ်လအတွင်း အကြမ်းဖက် စစ်အုပ်စုသည် ၂၀၁၀ ခုနှစ်တွင် ပြဌာန်းခဲ့သည့် “ပြည်သူ့စစ်မှုထမ်း ဥပဒေ” အား အာဏာတည်ကြောင်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အမိန့် ထုတ်ပြန်ခဲ့သည်။

ပုံသဏ္ဍာန်မျိုးစုံဖြင့် ဖိနှိပ်မှု၊ အကြမ်းဖက်မှုများကြားမှ နွေဦးတော်လှန်ရေး (၃) နှစ် ပြည့်သည့် တိုင် တော်လှန်ရေး၏ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတွင် အမျိုးသမီးများ၏ လှုပ်ရှားမှု ရပ်တန့်မသွားခြင်းသည် အမျိုးသမီးများ၏ ကြံ့ခိုင်မှု၊ တော်လှန်သည့် စိတ်ဓာတ် ကို ပြသနေဆဲ၊ မမျှတမှု စနစ်ဆိုးကို တိုက်ဖျက်နေဆဲနှင့် အမျိုးသမီး အခွင့်အရေး အတွက် တိုက်ပွဲဝင်နေဆဲ ဖြစ်သည်။

ယခု သုံးသပ်ချက် တွင် ပါရှိသည့် အကြောင်းအရာ အချက်အလက်နှင့် ကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏ ထုတ်ပြန်ချက်များနှင့် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် အချက်အလက်များပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ စုစည်းသုံးသပ် တင်ပြထားခြင်း ဖြစ်သည်။ လက်တွေ့ မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ ကန့်သတ်မှုများ ရှိသောကြောင့် မိမိတို့ အနေဖြင့် လက်လှမ်းမှီရန် အခက်အခဲရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက် ပိုမို များပြားနိုင်သည်။

# ၂။ အမျိုးသမီးများ အခြေအနေ

## ၂.၁။ အမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှု အခြေအနေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁)ရက်နေ့ အကြမ်းဖက် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည့်ချိန်မှစ၍ အမျိုးသမီးများသည် လူထုဆန္ဒပြပွဲများမှ တဆင့် လက်နက်ကိုင်တော်လှန်ရေးကို ရွေးချယ်ခဲ့သည့်အချိန်ထိ အကြမ်းဖက် စစ်အုပ်စု၏ လုပ်ရပ်ကို လက်မခံကြောင်းနှင့် အစဉ်အဆက် ဖိုဝါဒ လွှမ်းမိုးကာ တန်းတူ ညီမျှမှု မရှိသော မြန်မာ့ လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် မိမိတို့ ယုံကြည်ချက်ဖြင့် တော်လှန်ရေးတွင် ပါဝင်နေဆဲ ဖြစ်သည်။ သမိုင်းအစဉ်အဆက် ဖိနှိပ်မှုများကြား မှ နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် အားအကောင်းဆုံး ဖြစ်သည်ဟု အမေရိကန် စစ်ဘက်အရာရှိဟောင်း ဒေါက်တာ မီမီဝင်းဘတ်မှ မှတ်ချက်ပြုသည်။[1] ယခင် နိုင်ငံရေး လှုပ်ရှားမှုတွင် ပါဝင်မှု အားနည်းသော ဒေသများမှ အမျိုးသမီးများပါ ယခုအခါ လက်နက်ကိုင် တော်လှန်မှုတွင် စွန့်လွှတ်၊ စွန့်စား ပါဝင်လာကြသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ တွင်လည်း အင်းလေး အခြေခံ PDF စစ်သင်တန်းပြီးဆုံးကာ ၎င်းသင်တန်းတွင် အမျိုးသမီး တပ်သား (၁၀) ဦးထိ ပါဝင်ခဲ့သည်။ [2]

အကြမ်းဖက် စစ်အုပ်စုအား ဆန့်ကျင်တော်လှန်နေသည့် အမျိုးသမီးများသည် ထောက်ပို့ခြင်း၊ ဆေးတပ်သား အဖြစ်ပါဝင်ခြင်းဖြင့် ပါဝင်နေသော်လည်း တော်လှန်ရေးကာလ အရှိန်မြင့်လာသည်နှင့် အမျှ ကချင်၊ ချင်း၊ ကရင်နီနှင့် စစ်ကိုင်းဒေသများတွင် ရှေ့တန်းစစ်မြေပြင်များ၌ပင် ပါဝင်လာသည်ကိုတွေ့ရသည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကချင်ပြည်နယ် ဝေ့ခါ ကျေးရွာ၌ အခြေစိုက် တပ်စွဲထားသည့် အကြမ်းဖက် စစ်တပ်၏ ခြေလျင်တပ်ရင်း ခလရ-၄၂ တပ်ရင်းအား KIA ဦးဆောင်သည့် ပူးပေါင်းတပ်ဖွဲ့က တိုက်ခိုက် သိမ်းပိုက်ကာ မီးရှို့ဖျက်ဆီးခဲ့သည်။ ထို တိုက်ပွဲတွင် အမျိုးသား စစ်သည်များနည်းတူ ရဲရင့် ထူးချွန်စွာ တိုက်ပွဲ အစအဆုံး ပါဝင်ခဲ့သူမှာ သား၊သမီး (၅) ဦး ၏ မိခင်ဖြစ်သူ ဒေါ်ချောစု ဖြစ်သည်။ သူ(မ)၏ စွမ်းရည်နှင့် ထူးချွန်သည့် အရည်အသွေးများကြောင့်

[1] VOA Burmese, 31 Jan 2024. https://www.facebook.com/watch/?ref=saved&v=1788145561662822
[2] MeKong News, 23 Jan 2024. https://www.facebook.com/MeKongNewsMM/posts/pfbid02XpBuTEFikBK5JeVibzV3nvGhnc2ymJPWDzKRa3DHCbaTod96XYUPAEDWYM5ssCSyl

ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) မှ ဒေါ်ချောစု အား တပ်သား အဆင့်မှ တပ်ကြပ်ကြီး ရာထူးအထိ တိုးမြှင့်ခဲ့သည်။ [3]

တော်လှန်ရေး တပ်ဖွဲ့နှင့် တော်လှန်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှု များပြား လာသော်လည်း တန်းတူညီမျှရေးနှင့် ပါဝါ ခွဲဝေမှု မျှတစွာ ရရှိရန် များစွာ လိုအပ်နေသေးသည်။ ထိုတင် သာမက တော်လှန်ရေး စစ်သည်ရဲမေများအပေါ် ကန့်သတ်မှု၊ ဟန့်တားမှုများမှာလည်း ရှိနေသေးသည်။ ချင်းအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ (CNF) တွင် အမျိုးသမီး ၁၀% ပါဝင်မှုသာ ရှိပြီး အများစုမှာ ရုံးပိုင်း၊ ဆေးကုသရေး၊ ချက်ပြုတ်ရေး နှင့် ကွန်ပြူတာစသည့် အပိုင်းတွင်သာ ပါဝင်ရသည်။ ချင်း အမျိုးသမီး စစ်သည်တော်တို့သည် ရရာ နေရာတွင် မခိုမကပ်ဘဲ တာဝန်ကျေပွန်ရုံမက ရှေ့တန်းထွက် နိုင်ရန်လည်း အဆင်သင့် ပြင်ဆင်ထားကြသည်။ တော်လှန်သည့် စိတ်ဓာတ် အရင်းခံ၍ လက်နက်ကိုင် လမ်းစဉ်ကို ရွေးချယ်ခဲ့သော အမျိုးသမီးများအား တော်လှန်ရေး၏ နေရာ ကဏ္ဍပေါင်းစုံမှ ပါဝင်နိုင်ရန် အခွင့်အလမ်းများစွာ ဖန်တီးပေးခြင်းကလည်း တော်လှန်ရေး အောင်ပွဲနီးစေမည့် ခြေလှမ်း တစ်ရပ် ဖြစ်သည်ဟု သုံးသပ်မိပါသည်။ [4]

လူထု သပိတ်လှုပ်ရှားမှုများသည် လက်နက်မဲ့ လူထု၏ နိုင်ငံရေး ဖြစ်သည်။ နိုင်ငံတဝှမ်းလုံးတွင် အကြမ်းဖက် စစ်အုပ်စုအား တော်လှန် တိုက်ခိုက်မှုများ မြင့်တက်နေသကဲ့သို့ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်နေ့မှစ၍ လူထု သပိတ်လှုပ်ရှားမှုများသည် ယနေ့တိုင် အရှိန်အဟုန်ဖြင့် ရှေ့ဆက်နေဆဲ ဖြစ်သည်။ စစ်ကိုင်းတိုင်းတွင် ရွှေနွယ်သွေး သပိတ်စစ်ကြောင်း၊ အားမာန်သစ် စစ်ကြောင်း၊ ဇာမနည်သွေး တော်လှန်ရေး သပိတ်စစ်ကြောင်း၊ ကယ်တင်ရှင် မရှာ၊ ဒို့ ကျေးရွာ၊ အောင်လံလွှင့်မည် ရွှေရည်ကြည် သပိတ်စစ်ကြောင်း၊ ရွာပေါင်းစုံ သပိတ်စစ်ကြောင်းနဲ့ နောက် ပြန်မလှည့်ကြေးဒီတော်လှန်ရေး သပိတ်စစ်ကြောင်း တို့က နေ့စဉ် သပိတ်ဆင်နွှဲနေဆဲ ဖြစ်သည်။[5] တော်လှန်ရေး တပ်ဖွဲ့များနှင့် အကြမ်းဖက်စစ်အုပ်စုတို့ တိုက်ပွဲမကြာခဏ ဖြစ်ပွားနေသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် လူထု သပိတ်ကို ဇန်နဝါရီလ (၇) ရက်နေ့တွင် ယင်းမာပင်-

[3] The Irrawaddy-Burmese Edition, 22 Jan 2024.
https://web.facebook.com/100064895881172/posts/782394487267074/
[4] HI-Honest Information, 22 Feb 2024.
https://www.facebook.com/honestinfo/posts/pfbid0eH8owG6d16rcggKJXGbBkrUyNz5RSjSckrptiH9PF4eWF6CtGQEbajWXBYawySiel
[5] Delta News Agency, 7 Feb 2024
https://www.facebook.com/deltanewsagency/posts/pfbid0g5QtohN4VedV1F8wbRuc8DAV6fbwYaPgagRnh7VK1x4ZC82TDuiweVpDz2xzfUBql

ဆားလင်းကြီးရွာပေါင်းစုံသပိတ်ကော်မတီက ဦးဆောင်ပြီး "တော်လှန်ရေးရဲ့ အဆုံးအဖြတ်ဟာ လူထုမှတပါး အခြားမရှိ"၊ ကြွေးကြော်သံများဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ [6]

အဖိနှိပ် အဖမ်းအဆီးများကြားမှ မြန်မာနိုင်ငံ တဝှမ်းလုံးတွင် မတ်(၈) ရက်နေ့ အမျိုးသမီးများနေ့ အထိမ်းအမှတ် အဖြစ် လှုပ်ရှားမှုများစွာ ပြုလုပ်နိုင်ခဲ့သည်။ "အာဏာရှင်ဟူသမျှချုပ်ငြိမ်းရေး၊ အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှု ပပျောက်ရေး၊ လူ့အဖွဲ့အစည်းအတွင်း အမြစ်တွယ်နေသေးသည့် မဟာဖိုဝါဒအဆုံးသတ်ရေးအတွက် အမျိုးသမီး အမျိုးသားအတူလက်တွဲပြီး တိုက်ပွဲဝင်ကြဖို့ အမျိုးသမီး အမျိုးသားအတူလက်တွဲ၊ ဒီတိုက်ပွဲကို အတူတူနွှဲ"ဆိုသည့် ခေါင်းစဉ်ဖြင့် ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်ထဲတွင် နှင်းဆီရောင်အမျိုးသမီးများသမဂ္ဂ(RWU) ဦးဆောင်၍ လူထု သပိတ် လှုပ်ရှားမှုမှုများ လုပ်ဆောင်ခဲ့သည်။[7] ပလောင် (တအာင်း) အမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ထိမ်းချုပ်ထားသော ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့တွင်လည်း မတ်လ (၈) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ကို ကျင်းပခဲ့ကာ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများနှင့် ရှမ်း၊ ကချင်၊ လီဆူ နဲ့ ခိုလုံလီရှော တိုင်းရင်းသားများ အပါအဝင် ဒေသခံ ၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။[8] မတ်လ (၇) ရက်နေ့တွင်လည်း ကရင်နီပြည် ဒီးမော့ဆိုမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာအ မျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုကို ကျေးလက်မြေအဖွဲ့နှင့်အတူ ဒေသပြည်သူများ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။[9] ဆားလင်းကြီးမြို့နယ် ကျေးရွာတရွာ၌လည်း နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် လူထုဟောပြောပွဲပြုလုပ် ခဲ့ကြသည်။[10]

---

[6] မြေလတ်အသံ-Myaelatt Athan, 7 Jan 2024.

https://web.facebook.com/myaelattathan/posts/pfbid0ZZxt8AVcwpsYQHp1jSBt3VeN2G2o8jDUwKi5Z19LXsbrEnsis6YpA8v6i5st6sFnl

[7] Rosy Women's Union-Dawei, 8 March 2024.
https://web.facebook.com/story.php?story_fbid=437364378956938&id=100080501374507

[8] The Irrawaddy-Burmese Edition, 9 March 2024.
https://web.facebook.com/theirrawaddyburmese/posts/pfbid02mB4gucskJDKmMF6gtX4np2JzBPTHjcmpeo6iJKZK1u5BLddMTYZ7LGvWxxKR9QsSl

[9] Khit Thit Media, 7 March 2024.
https://web.facebook.com/khitthitnews/posts/pfbid03LdoDy5FDN5TsK9q9ERQVHNTd6EhhGcxQm1dyneKm8m7DG65sUyw2XEcMhubcB6Hl

[10] Delta News Agency, 7 March 2024.
https://web.facebook.com/deltanewsagency/posts/pfbid02iBK2JQjR6tCFZC783nE6pgbPjmSPrxsDqcGSjSop2s4XocyuFfVxfAbs4zosJt1Ul




## ၂.၂။ အမျိုးသမီးများ၏ လုံခြုံရေးအခြေအနေ

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ)၏ စာရင်းပေါ် အခြေခံ၍ မြန်မာ့ အမျိုးသမီး သမဂ္ဂ၏ အချက်အလက် များ ပြန်လည် စုစည်းချက်အရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ (၁) ရက်နေ့မှ မတ်လ (၂၀) ရက်ထိ အမျိုးသမီး ဖမ်းဆီးခံရသည့် အရေအတွက် (၃၈) ဦးထိ ရှိလာသည်။ ထိုကဲ့သို့ အကြမ်းဖက် စစ်တပ်၏ ဖမ်းဆီးခြင်းခံရသော အမျိုးသမီးများသည် လူမှုကွန်ယက် စာမျက်နှာတွင် သတင်းမှား ဖြန့်ဝေသည် ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရမှုမှာ အများဆုံး ဖြစ်သည်ကိုတွေ့ရှိရသည်။

အကြမ်းဖက် စစ်အုပ်စု၏ ဗျူရိုကရက် ယန္တယားသည်လည်း အမျိုးသမီး အခွင့်အရေးကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရုံမက ယခု (၃) လတာ အတွင်း ဖိနှိပ်မှု၊ နှိပ်စက်မှုကို ဆက်တိုက် ပြုလုပ်နေဆဲကို တွေ့ရှိရသည်။ နိုင်ငံရေး အကျဉ်းသူဟောင်း မနိုဘယ်လ်အေးအား ဇန်နဝါရီလ (၂၉) ရက်နေ့တွင် အကြမ်းဖက် စစ်အုပ်စုက ပဲခူးတိုင်း၊ ညောင်ခါးရှည်ဂိတ်တွင် ဖမ်းဆီးခဲ့သည်။[11] မနိုဘယ်လ်အေးသည် ဆုံးဖြတ်ချက် ခိုင်မာပြတ်သားသူ ဖြစ်ကာ အာဏာရှင်များကို အစဉ်တစိုက် တွန်းလှန် တော်လှန်နေသူ ဖြစ်သည်။ ဖေဖော်ဝါရီ ၈ရက်တွင် ဝေါတရားရုံး၌ မနိုဘယ်လ်အေးကို ရုံးထုတ်ရမန်ယူပြီးအပြန် ထွက်ပြေးရန်ကြိုးစားသည်ဆိုသည့် အကြောင်းပြချက်ဖြင့် စစ်တပ်ဘက်က ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

**❝မြေပြင်မှာ လမ်းတောင်မလျှောက်နိုင်တဲ့ကျနော့်အမကို ဆံပင်ဆွဲပြီးတော့ ရွာထဲ တရွတ်တိုက်ခေါ် သွား တယ်။ သူအော် လို့ဆိုပြီး ရွာထဲမှာပဲ သူ့ခေါင်းကိုသေနတ်နဲ့တေ့ပြီး ပစ်သတ်လိုက်တယ်။ ကျနော့်အမကို သတ်ပြီးမှ လေးခွင်းကို ဝါးရုံတောထဲခေါ် သွားပြီး သတ်ပစ်လိုက်တာ ဟု မနိုဘယ်အေး၏မောင်ဖြစ်သူ ကိုထက်မြက်က ပြောပြသည်။❞**

ဖမ်းဆီးခံရချိန်၌ မနိုဘယ်အေးသည် ထွက်ပြေးရန်မဖြစ်နိုင် ရုံမက အမျိုးသမီး သားအိမ်ကင်ဆာ ရောဂါကြောင့် လမ်းမလျှောက်နိုင်လောက်အောင် ကိုက်ခဲသည့်ဝေဒနာကို အပြင်းအထန်ခံစားနေရသူ ဖြစ်ပြီး တော်လှန်ရေး ကာလ တွင် သူ(မ) ခံစားနေရသည့် ကင်ဆာရောဂါဝေဒနာအား ဆေးမကုအားဘဲ နိုင်ငံရေးအလုပ်များကိုသာ အင်တိုက်အားတိုက် ဆက် လက်လုပ်ကိုင်နေခဲ့သည်။[12]

အသက် ၅၀ အရွယ် ဆုရမှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့က ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်တွင် အွန်လိုင်းမှ မှာယူထားသည့် ရိုက်ကူးရေးသုံးဒရုန်း သွားရောက်ယူစဉ် အကြမ်းဖက် စစ်အုပ်စု၏ ဖမ်းဆီးခံရပြီး စစ်ကြောရေးတွင် တစ်ပတ်ကြာ ရိုက်နှက် စစ်ဆေးခံရသည်။ ဇန်နဝါရီ ၁၀ ရက်နေ့တွင်မူ ရှင်ဒေဝီအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၂ ခုဖြင့် စစ်ခုံရုံးက ထောင်ဒဏ် တစ်သက်တစ်ကျွန်း ကျခံရန် အမိန့်ချမှတ်ခဲ့သည်။ [13] ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ (၃၁) ရက်နေ့တွင် ထားဝယ်အမျိုးသမီးသမဂ္ဂ

---

[11] Burma VJ, 16 Feb 2024.
https://web.facebook.com/100064760958738/posts/790041773164514/
[12] HI-Honest Information, 13 March 2024.
https://web.facebook.com/100079788362744/posts/392041426798800/
[13] Myanmar Now, 10 Jan 2024.
https://myanmar-now.org/mm/news/48046/?fbclid=IwAR38espKK1qc2zc9B3hxg-kKW7UhYMEv9OoTBY3OGYFVJrGSQGPJU76Aa2I

ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မနှင်းအိထွေး (ခေါ်) မဌေးဌေးဝင်း အား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည) ဖြင့် ထားဝယ်ခရိုင်တရားရုံးက ထောင်ဒဏ် ၁၀ နှစ်အမိန့်ချမှတ်ခဲ့သည့် ဖြစ်စဉ်လည်း ဖြစ်ပွားခဲ့သည်။ [14]

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ ည ၁၂ နာရီအချိန်တွင် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင် ရပ်ကွက်တွင် နေထိုင်သည့် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေသူ ရခိုင်အမျိုးသမီး (၅) ဦးအား ညှဉ့်စာရင်းစစ်သည်ဟုဆိုကာ အကြမ်းဖက် စစ်သားများမှ ဖမ်းဆီးသွားခဲ့သည်။ ထိုသို့ ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီး (၅) ဦးတွင် (၁) ဦးမှာ အရပ်ပေ စံချိန်မမီဟုဆိုကာ ငွေတောင်းပြီး ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ဖမ်းဆီးသည့်အချိန်တွင် အကြမ်းဖက် စစ်တပ် တပ်ဖွဲ့ဝင်များက မျက်နှာကို အဝတ်နှင့် စည်းပြီး ခေါ်ဆောင်သွားကာ ၎င်းတို့ကို မည်သည့်နေရာကို ခေါ်ဆောင်သွားသည်ကို မသိဘဲ ရောက်သည့်အချိန်တွင် စစ်ကြောရေးဟု ထင်ရသည်နေရာ တစ်ခုသို့ ထင်ကြောင်း၊ ထို့ပြင် သူ(မ) မှ ဖမ်းဆီးခံရစဉ် ကြုံတွေ့ရသည့် အကြောင်းအရာများကို သတင်းဌာနအား ယခုကဲ့သို့ ပြန်လည် ပြောပြခဲ့သည်။ [15]

**❝ ကျမတို့ကို အိပ်နေတဲ့အချိန် ည ၁၂ နာရီလောက်မှာ ဖမ်းတာ။ ကျမတို့နဲ့အတူ တခြားနေရာတွေက ဖမ်းလာတဲ့ ကားထဲမှာ လူငယ်တွေ အများကြီးပဲ။ ရခိုင်အမျိုးသားရော၊ အမျိုးသမီးရော အများကြီးပါတယ်။ တခြားတိုင်းရင်းသားတွေလည်း ပါပါတယ်။ ဒါပေမယ့် ရခိုင်ကတော့ အများဆုံးပါ။ ၅ ပေ ၃ လက်မပြည့်ရင် ဖမ်းထားတယ်။ မပြည့်ရင် ပြန်လွှတ်တယ်၊ ငွေ ၂ သိန်းပေးရတယ်။ ကျမကို ၁၆ ရက်နေ့က ဖမ်းတယ်။ ၁၇ ရက်နေ့ ည ၆ နာရီလောက်မှ ပြန်လွှတ်ပေးတာ။ ဘာဖြစ်လို့ ဖမ်းတာလဲမေးရင် စစ်ကောင်စီတပ်သားတွေက ဆီပူနဲ့ လောင်းတယ်။ လူငယ်လေးတစ်ယောက်ဆိုရင် ဆီပူထိလို့ မျက်လုံးကန်းသွားပါတယ် ❞**

---

[14] Dawei Watch, 2 Feb 2024.
https://web.facebook.com/DaweiWatch/posts/pfbid04eJ6tBqpvBZykczfFYjdYqqrV8sor9t64ZzwzeAzvvyMsEds2YT68bTpfXMfTb8Ll?_rdc=1&_rdr
[15] Western News, 18 Feb 2024.
https://web.facebook.com/westernnewsagency/posts/pfbid02gHDJCta4vFa9oc5mcCrx1uFJJ93vPXxiWq9NPYbjJPCyP9x2sGVsi7TdEGFtaDsil?_rdc=1&_rdr

## (ခ) ထောင်တွင်းအမျိုးသမီးများ အခြေအနေ

ရောဝတီတိုင်း၊ မအူပင်အကျဉ်းထောင်မှ အမျိုးသမီးအဆောင်မှူး ဒေါ်မေဇင်ထွန်း (၂ပွင့်)၏ ဦးဆောင်မှုနှင့် အတူ အကျဉ်းထောင်ဝန်ထမ်းအမျိုးသမီးများသည် နိုင်ငံရေးအကျဉ်းသူ အမျိုးသမီးများအား ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုကာ အဆောင်ရှေ့ လူမြင်ကွင်း၌ ဝတ်ထားသော အင်္ကျီ၊ ထမီ၊ အတွင်းခံများအား ချွတ်ခိုင်းကာ အဝတ်ဗလာမဲ့ထားရှာဖွေခြင်းကို အမြဲတစေ လုပ်ဆောင်နေခဲ့သည်။ ၎င်းအပြင် အမျိုးသမီး များ၏ လိင်အင်္ဂါနှင့် စအိုအတွင်းအား လက်ဖြင့်နှိုက်ရှာဖွေခြင်းများ ပြုလုပ်လျှက်ရှိပြီး နိုင်ငံရေး အကျဉ်းသူ အမျိုးသမီးငယ်များ ဓမ္မတာလာနေချိန် အတွင်း၌ပင် ဖြေလျော့ပေးခြင်းမရှိဘဲ အတွင်းခံများ ချွတ်ခိုင်းကာ စစ်ဆေးမှုများ လုပ်ဆောင်နေသည်ဟု သိရှိရသည်။ [16]

ယခု (၃)လ တာ အတွင်း မြန်မာနိုင်ငံတဝှမ်းလုံးရှိ အကျဉ်းထောင်အသီးသီးတွင် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု လုံလောက်စွာ မရရှိခြင်းကြောင့် ကျန်းမာရေး ဆိုးဝါးလာခြင်းနှင့် အသက်ဆုံးရှုံးမှုပင် ရှိ ကြောင်း တွေ့ရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးထောင်တွင်လည်း နိုင်ငံရေး အကျဉ်းသား အမျိုးသား၊ အမျိုးသမီး (၅၀) ကျော် ကျန်းမာရေးဆိုးရွားနေကာ ဖျားနာမှု အတွက် ကလေးမြို့ အကျဉ်းဦးစီး ဌာနမှ ဝန်ထမ်းများ အနေဖြင့် ပါရာစီတမော့ဆေးတစ်မျိုးတည်းသာ ပေးနေကြောင်းလည်း သိရှိရသည်။ [17]

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့တွင် မကွေးထောင်မှ အရေပြားလေးဖက်နာ၊ အသည်းကြီးခြင်း၊ နှလုံးရောဂါတို့ကို ခံစားနေရသူ နိုင်ငံရေး အကျဉ်းသူ မကွေးတက္ကသိုလ်မှ ဓာတုဗေဒအထူးပြု ဂုဏ်ထူးတန်းကျောင်းသူ မစုမေအောင်သည် အကျဉ်းထောင်အတွင်း ဆေးကုသမှု အချိန်မီမရရှိသောကြောင့် အသက်ဆုံးပါးခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။[18] ထို့အပြင် ဖေဖော်ဝါရီလ (၄) ရက်နေ့တွင်လည်း မန္တလေးမြို့ အိုးဘိုအကျဉ်းထောင်တွင် ဆေးကုသမှု လုံလောက်စွာ မရရှိခြင်း၊ ပြင်ပဆေးရုံများတွင် ကုသမှုတွင်လည်း ရေတိုကုသမှုသာ ခွင့်ပြုပေးခြင်းကြောင့် ကျောက်ကပ်ရောဂါ

---

[16] PEN 47, 14 Jan 2024.
https://web.facebook.com/pen47media/posts/pfbid0wfzC671B9mEWFKQJPhVLPqHbb2dMUzRMHDbTxZe2DZDWXDJBp1wt1mXBXLtMfvzWl?_rdc=1&_rdr

[17] Myanmar Pressphoto Agency, 13 Jan 2024.
https://web.facebook.com/mmpressphoto/posts/pfbid08SLo3yit58BudvgKoAxxykeQdQXNJRLLrTNeDULWdW6TPmmrKtjNLZUzEnWUTHa5l?_rdc=1&_rdr

[18] The Irrawaddy-Burmese Edition, 26b Jan 2024.
https://www.facebook.com/theirrawaddyburmese/posts/pfbid02RcnKZNBL37pLd2aWkkquf4xeDa45VQasz4owP3aYSJVyixJ1XdwcE423rRYKCZNUl

ခံစားနေရသော အသက် ၃၅ နှစ်အရွယ် မယဉ်မိုးသည် ရောဂါမသက်သာဘဲ ကွယ်လွန်သွားခဲ့ရသည်။[19] အကျဉ်းထောင်များသည် ဒုတိယ စစ်မြေပြင် အနေအထားတွင် ရှိနေပြီး ယခု (၃) လတာ အတွင်း သေဆုံးသူ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း (၁၁) ဦးထိ ရှိလာပြီ ဖြစ်သည်။[20]

[19] RFA-Burmese, 7 Feb 2024. https://www.facebook.com/rfaburmese/posts/pfbid0H4kn7f7F3mfemhJgvZ7E5vjT5YomwpFMbvRBRC1S4cW31XEQyeRd67eoWTWvGYcEl

[20] Myanmar Pressphoto Agency, 27 Feb 2024. https://web.facebook.com/mmpressphoto/posts/pfbid0rxfWFkxXtghitEgf95w8FY13CFnjpnJafAHWtja2i3mgaKRhQDTijVvJQcix8HHUl

## (ဂ) အမျိုးသမီးများ သေဆုံးခြင်း




၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ မတ်လ (၂၀) ရက်နေ့ထိ သေဆုံးသူ အမျိုးသမီးပေါင်း (၁၅၅) ဦးထိရှိခဲ့သည်။ သေဆုံးသူ အမျိုးသမီးများထဲတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် သေဆုံးသူ စုစုပေါင်း (၇၂) ဦး၊ လေကြောင်းတိုက်ခိုက်မှုကြောင့် (၄၄) ဦး၊ စစ်တပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးသူ (၁၃) ဦး၊ ဖမ်းဆီးခံရစဉ် ပစ်သတ်ခံရသည့် အမျိုးသမီး (၇) ဦး၊ ဖမ်းဆီး ခံရစဉ် သေဆုံးသူ (၆) ဦး၊ မီးရှို့သတ်ဖြတ်မှုကြောင့် သေဆုံးသူ (၅) ဦး၊ အကြမ်းဖက် စစ်တပ်၏ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကြောင့် သေဆုံးသူ (၃) ဦး၊ မြေမြှုပ်မိုင်း ကြောင့် သေဆုံးသူ (၂) ဦး၊ အကျဉ်းထောင်အတွင်း ဆေးကုသမှု လုံလောက်စွာ မရရှိခြင်းကြောင့် သေဆုံးသူ (၂) ဦးနှင့် စစ်တပ်၏ အဓမ္မပြုကျင့်ခြင်းကြောင့် သေဆုံးရသူ (၁)ဦး တို့ပါဝင်သည်။ သေဆုံးသူ အမျိုးသမီးများ ထဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အများဆုံးပါဝင်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၊ မိုးမိတ်မြို့ ရွှေဇာလီနှင့် လက်ခုပ်တန်းရပ်ကွက်များမှ ပြည်သူ (၁၀၂) ဦး ဗုံးခိုကျင်း ထဲတွင် ခိုလှုံနေစဉ် စစ်တပ်က ပစ်သတ်ခဲ့ပြီး မုဒိမ်းကျင့်မှုများနှင့် သတ်ဖြတ်မှုများကိုပါ ကျူးလွန်ခဲ့ကြသည်။ ၎င်းဖြစ်စဉ်များကို အဓိကကျူးလွန်သည့် တပ်မှာ တပ်မ (၉၉) ဖြစ်ကာ ထိုတပ်မှ မိုးမိတ်မြို့သို့ ဝင်လာချိန် ရွာတော်လေးကျေးရွာမှ သားအဖ ၂ ဦးအား ဖမ်းဆီးခဲ့ကာ ဖခင်ကို

ကြိုးတုပ်ဖမ်းဆီးခဲ့ပြီးနောက် သမီးဖြစ်သူ အသက် ၁၃ နှစ်အရွယ်ကို မုဒိမ်းကျင့်ခဲ့သည်။ ယင်းနောက် သားအဖ ၂ ဦးစလုံးကို သတ်ဖြတ်ခဲ့သည်။ ထို့အတူ အုန်းကြောနှင့် ရွှေဇာလီကျေးရွာအကြားတွင် လင်မယား ၂ ဦးအား ဖမ်းဆီးကာ ခင်ပွန်းဖြစ်သူကို သတ်ဖြတ်ခဲ့ပြီး ဇနီးဖြစ်သူကို မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း၊ ရွှေဇာလီမှ အသက် ၁၅ နှစ်နှင့် ၁၇ နှစ်အရွယ် မိန်းကလေးငယ် ၂ ဦးကိုလည်း စစ်တပ်က မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။[21]

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် င/တန်ပျင်းကျေးရွာမှ အမျိုးသမီးတစ်ဦးအား ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အကြမ်းဖက် စစ်တပ်၏ တပ်မ (၂၂) လက်အောက်ခံ၊ ခရမ (၂၀၅) တပ်ရင်းမှ တပ်ကြပ်ကြီး ကျော်မျိုးဦး၊ ဒုတပ်ကြပ် သူရနိုင်၊ တပ်သားသုံးဦး ဖြစ်သည့် ချစ်ဦး၊ မျိုးအောင်နှင့် ကိုကိုအောင်တို့ အုပ်စုဖွဲ့မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခဲ့ကြောင်း မုဒိမ်းကျင့်ရာ၌ ပါဝင်ခဲ့သည့် တပ်သား ကိုကိုအောင် ကဝန်ခံခဲ့သည်။ တပ်မ (၂၂) လက်အောက်ခံ၊ ခရမ (၂၀၅) တပ်ရင်းမှ င/တန်ပျင်းကျေးရွာအတွင်း စစ်ကြောင်း ဝင်လာချိန် အမျိုးသမီးကြီး တစ်ဦးနှင့် သမီးဖြစ်သူ အမျိုးသမီးတစ်ဦးတို့ကို တွေ့ရှိပြီးဖမ်းဆီးခဲ့သည်။ ထို့နောက် အုပ်စုဖွဲ့ မုဒိန်းကျင့်ခဲ့ပြီး မုဒိမ်းကျင့်ပြီးချိန်၌ နေအိမ်အပြင်ဘက်ကို ဆွဲထုတ်လာပြီး မိခင်ဖြစ်သူကို သေနတ်နှင့် ပထမဆုံး ပစ်သတ် ခဲ့ပြီး သမီးဖြစ်သူကိုလည်း ရင်ဘတ်ကို သေနတ်နဲ့ ပစ်သတ်ချိန်၌ သေဆုံးမှု မရှိသည့်အတွက် လည်ပင်းအား ဓားနဲ့လှီးသတ် ခဲ့ကြောင်း ဝန်ခံခဲ့သည်။ [22]

(ဃ)စစ်မှုထမ်းဥပဒေနှင့် အမျိုးသမီးများ အပေါ် သက်ရောက်မှု

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် အကြမ်းဖက် နအဖ စစ်အစိုးရ လက်ထက်တွင် ပြဌာန်းခဲ့သော စစ်မှုထမ်းဥပဒေကို အသက်သွင်းခဲ့သည်။ ယင်း ဥပဒေတွင် အသက် (၁၈) နှစ်နှင့် (၃၅) နှစ်ကြားမှ အမျိုးသား နှင့် အသက် (၁၈) နှစ်မှ (၂၇) ကြား အမျိုးသမီးများ စစ်မှုထမ်းရန် ဖြစ်သည်။ ဤဥပဒေကြောင့် အမျိုးသမီးများ နောက်ဆက်တွဲ ရင်ဆိုင်နိုင်ရသည့် ပြဿနာများမှာ လွန်စွာ များပြားနိုင်သည်။ စစ်မှုထမ်း ဥပဒေကို လွတ်မြောက်ရန် နည်းလမ်းတခုမှာ ပြည်ပသို့ ထွက်ခွာခြင်း ဖြစ်သည်။ ထိုသို့ ရှန်းထွက်ရန် ကြိုးပမ်းမှုတွင် ပြည်ပသို့တရားမဝင်သော နည်းလမ်းတို့ဖြင့် ခိုးဝင်ခြင်းကြောင့် လူကုန်ကူးခြင်းနှင့် အခြားနိုင်ငံများတွင် တရားမဝင်လုပ်သားများ

---

[21] Khit Thit Media, 19 Feb 2024.
https://web.facebook.com/khitthitnews/posts/pfbid02iPCdfjtXavZ7VPvXGSxS41vRNhSjtrMaViJRSeue5WUWRnCkSct1jnYkGDrCPv4Nl?_rdc=1&_rdr

[22] HI-Honest Information, 4 March 2024.
https://hiburma.net/2024/03/%e1%80%9b%e1%80%81%e1%80%ad%e1%80%af%e1%80%84%e1%80%ba%e1%80%80%e1%80%a1%e1%80%99%e1%80%bb%e1%80%ad%e1%80%af%e1%80%b8%e1%80%9e%e1%80%99%e1%80%ae%e1%80%b8%e1%80%90%e1%80%85%e1%80%ba%e1%80%a6%e1%80%b8/?fbclid=IwAR2DFd32keimIVdyYy0FzVyM-c4St-jVIGc_75x4P1od1SHX3cX4G_rsDFw

ကြုံတွေ့ရလေ့ရှိသော ပြဿနာ ဖြစ်ရပ်များ ပိုမိုများပြားလာနိုင်သည်။ မသမာသူ ပွဲစားများမှ တဆင့် အမျိုးသမီးငယ်များ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုများ အဆိုးရွားဆုံး အခြေအနေ ထိ ရောက်ရှိလာနိုင်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်ရန် မတတ်နိုင်သော မိသားစုများတွင်မူ မိမိတို့၏ သမီးပျိုလေးများအား ကာယံကံရှင် သဘောဆန္ဒမပါသော အတင်းအကြပ် အိမ်ထောင်ပြုခြင်း ကဲ့သို့သော ဖြစ်ရပ်များမှာ မလွဲဧကန် များလာမည်မှာ အသေအချာပင် ဖြစ်သည်။ ဥပဒေပါ ပြဌာန်းချက်တွင် အသက် (၁၈) နှစ် အမျိုးသမီးများ ဟူသော အချက်ကြောင့် (၁၇) နှစ် အရွယ်ရှိသော အမျိုးသမီးငယ်များ အရွယ်မတိုင်မီအိမ်ထောင်ပြုခြင်း၊ နောက်ဆက်တွဲ ပြဿနာများစွာကြုံလာရသည်။[23] ၎င်း ဥပဒေအား ရှောင်ရှားရန် လွယ်ကူမည့် နည်းလမ်းများကို ရွေးချယ်ခြင်းသည် အန္တရာယ်များစွာကို လက်ယပ်ခေါ်နေသကဲ့သို့ ဖြစ်နေသော်လည်း အကြမ်းဖက် စစ်အုပ်စု၏ ဖိနှိပ်မှုကို ရှောင်ရှားရန် ရရာ နည်းလမ်း များကို အသုံးပြုနေရသကဲ့သို့ ဖြစ်နေသည်။ အမျိုးသမီးများအနေဖြင့် ကိုယ်တိုင် စစ်မှုမထမ်းရသည်တိုင် မိမိတို့ အိမ်ထောင်ဘက်၊ သား၊ သမီးများအတွင် စိုးရိမ်မှုနှင့် ပူပန်မှုသည် တိုးလာပြီး အချို့ အမျိုးသမီးများမှာ စိုးရိမ်မှုသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုထိပါ ဖြစ်လာကာ မိမိကိုယ်ကို အဆုံးစီရင်သည်ထိ ဖြစ်သည့် ဖြစ်စဉ် များပါ ဖြစ်ပွားလာသည်ကို တွေ့ရှိရသည်။ ပိုင်ဆိုင်မှုများ ထုခွဲရောင်းချကာ ပြည်ပနိုင်ငံများသို့ သွားရောက် လုပ်ကိုင်ပြီး မိမိ မိသားစု လုံခြုံရေး ရရာ နေရာ ပြောင်းရွှေ့နိုင်ရန် ကြိုးပမ်းလာသည်များကိုပါ ခပ်စိတ်စိတ် မြင်တွေ့လာရသည်။ ရှေ့လမည့် လများတွင် စစ်မှုထမ်း ဥပဒေကြောင့် မြန်မာ့လူမှုအဖွဲ့အစည်းအား အထူးသဖြင့် အမျိုးမျိုးသမီးများ အပေါ် ဆိုးကျိုး သက်ရောက်မှုများကို ပိုမို မြင်တွေ့လာနိုင်သည်ဟု မိမိတို့ အနေဖြင့် သုံးသပ်မိသည်။

## ၂.၃။ အမျိုးသမီးများနှင့် စီးပွားရေးအခြေအနေ

အကြမ်းဖက် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှစ၍ စီးပွားရေး ကြပ်တည်းမှုနှင့် အတူ အခြေခံ အလုပ်သမား အခွင့်အရေး ဆုံးရှုံးမှု ပိုများပြားလာခဲ့သည်။ အလုပ်သမားများအတွက် အခြေခံ လစာ ၄၈၀၀ မှ ၅၈၀၀ ကျပ်အဖြစ် နိုဝင်ဘာလတွင် ပြောင်းလဲ သတ်မှတ်ခဲ့သော်လည်း

[23] Ayeyarwaddy Times, 21 Feb 2024.
https://www.facebook.com/100067770862498/posts/724677936467895/

လုပ်ငန်းပုံမှန် မလည်ပတ်နိုင်၍ ပိတ်သိမ်းလိုက်ရသည့် စက်ရုံများ ပိုများလာသကဲ့သို့ ရှိနေသည့် စက်ရုံများ ကလည်း အလုပ်သမားများအား ဥပဒေပြဋ္ဌာန်းချက်အတိုင်း လုပ်ခလစာ အပြည့်အဝမပေးနိုင် ကြောင်း သိရသည်။ စက်ရုံတချို့မှာ ယခင် အလုပ်ချိန် ၈ နာရီအပြည့်အတွက် လုပ်အားခ အပြည့်အဝ မရရှိခြင်းအပြင် စက်ရုံများက တနေ့တာ သတ်မှတ်ထားသည့် နှုန်းထားမပြည့်မီပါက အချိန်ပိုဆင်းစေပြီး အခမဲ့ စေခိုင်းခြင်း ဖြစ်ရပ်များလည်း ရှိခဲ့သည်။ လုပ်ငန်းများ ပုံမှန် မလည် ပတ်နိုင်၍ အလုပ်ပိတ်ထားသည့်ရက်များတွင်လည်း ဥပဒေ၌ပါရှိသည့် အတိုင်း လုပ်ခအပြည့် မပေးသည့် အခြေအနေများကိုပါ ကြုံတွေ့နေရကြသည်။ [24]

ပြည်တွင်းကြပ်တည်းမှုများကြောင့် ဘက်ပေါင်းစုံမှ ယိုယွင်းလာသည်နှင့်အမျှ ကုန်ဈေးနှုန်း မြင့်မားလာမှုနှင့် အလုပ်အကိုင်ရှားပါးလာမှုကြောင့် ပြည်ပနိုင်ငံသို့ သွားရောက်ခြင်းသည် မျှော်လင့်စရာ လွတ်လမ်း တခုကဲ့သို့ ဖြစ်နေသည်။ Facebook ၊ Instagram နှင့် Tiktok ကဲ့သို့သော လူမှုကွန်ယက်များကို အသုံးပြု၍ မက်လုံးပေးမှုကြောင့် အမျိုးသမီး အများအပြား ဒူဘိုင်းသို့လူကုန်ကူး ရောင်းချခံနေရကြောင်း သိရသည်။ လူမှုကွန်ယက်တွင် နိုင်ငံခြားသို့ မကြာခဏ လည်ပတ်နေကြသူ တစ်ဦးအသွင် ဓာတ်ပုံ၊ ဗီဒီယိုများ တင်၍ မြန်မာလူငယ်များ (အထူးသဖြင့် အမျိုးသမီးများ)ကို အယုံသွင်းကာ ဒူဘိုင်းသို့ လူကုန်ကူးရောင်းချမှုများ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန် ကြိုးပမ်းပြီး နောက်အများအပြား ဖြစ်လာခဲ့ကြောင်း သိရသည်။ ယင်းသို့ လူကုန်ကူးခံရသူများသည် ဒူဘိုင်းသို့ အရောက်တွင် လေဆိပ်၌ ဖုန်း၊ ပတ်စ်ပို့များ သိမ်းဆည်းခံလိုက်ရပြီး နောက် အစာရေစာ ဝဝ မကျွေးဘဲ ထားကာ အခန်းကျဉ်းတစ်ခု၌ စုပြုံ၍ နေထိုင်ခဲ့ရကြောင်း သိရသည်။ [25]

ပြည်ပနိုင်ငံများတွင် တရားဝင် နည်းလမ်း၊ တရားမဝင် နည်းလမ်းကပါ သွားရောက်ခြင်းများကြောင့် နောက်ဆက်တွဲ အနေဖြင့် ထိုနိုင်ငံများမှ တည်ဆဲ ဥပဒေများဖြင့် ဖမ်းဆီးခြင်း၊ အရေးယူခြင်းများကို ခံရလာသည်။ ယင်းကဲ့သို့ အခြေအနေများကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော ရွှေ့ပြောင်းလုပ်သားများ အများဆုံး ခံရကြရသည်။ မလေးရှားနိုင်ငံ တနိုင်ငံလုံးမှာ တရားမဝင် နိုင်ငံခြားသားတွေကို ဖမ်းဆီးမှုကို ဇန်နဝါရီ ၁၉ ရက် ည ၁၁ နာရီတွင် စမူ့ညှင်း၊ ဘိုင်ဒူးရီတိုက်ခန်းများနှင့် ရပ်ကွက်အတွင်း မလေးရှား အာဏာပိုင်များက ဝင်ရောက် ဖမ်းဆီး ခဲ့ရာတွင် မြန်မာအလုပ်သမားများပါ ဖမ်းဆီးခံခဲ့ရသည်။[26] ထို့ပြင် ဖေဖော်ဝါရီလ ၁၅ ရက်

---

[24] VOA Burmese, 9 Jan 2024.
https://burmese.voanews.com/a/myanmar-fatcories-workers-face-decline-income-due-to-political-hardship/7431476.html?fbclid=IwAR0-R48IIVK5sl8uQW68D7SsQGBXUVkwJ3wgWcizqJkDdXhHYixxvMF3f6A

[25] Myanmar Pressphoto Agency, 13 Jan 2024.
https://web.facebook.com/mmpressphoto/posts/pfbid0iD2ReptpP7jJyhdoo9Xzw3tCi5HeYhWtSBRbs1nNGetXb7S6LGY4HnBKg5mq1ZoZl?_rdc=1&_rdr

[26] Myanmar Labour News, 21 Jan 2024.

နံ့နက်ပိုင်း တွင် ထိုင်း-မြန်မာနယ်စပ် တာခ့်ခရိုင်တွင် တရားမဝင်လမ်းကြောင်းဖြင့် နယ်စပ်ဖြတ်ကျော် ဝင် ရောက် လာကာ ငှက်ပျောတောထဲတွင် ပုန်းခိုနေသော မြန်မာအလုပ်သမား အမျိုးသား (၁၁) ဦး နှင့် အမျိုးသမီး (၁၆)ဦး စုစုပေါင်း (၂၇)ဦး ကို ဖမ်းဆီးရမိကြောင်း ထိုင်းသတင်းများတွင် ဖော်ပြထား သည်။ [27]

## ၃။ စစ်ပဋိပက္ခအတွင်းမှ အမျိုးသမီးများ၏ အခြေအနေ

ကြောက်မက်ဖွယ်ကောင်းသည့် အပြစ်မဲ့ ပြည်သူများကို အဓိက ပစ်မှတ်ထား တိုက်ခိုက်သည့် အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်မှုများကို အကြမ်းဖက် စစ်အုပ်စုသည် ဝေဟင်မှ လည်းကောင်း၊ မြေပြင်မှ လည်းကောင်း ကျူးလွန်နေဆဲ ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲများကြောင့် စစ်တပ်မှ လမ်းခရီး ပိတ်ဆို့ထားရာတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများ မီးဖွားရန် ခက်ခဲမှုနှင့် ကြုံတွေ့နေရသည်။ ရခိုင်ဒေသသည် ယခင်ကတည်းမှ ကျန်းမာရေးဝန်ထမ်းမလုံလောက်မှု၊ ဆေးဝါးပစ္စည်းများ မပြည့်စုံသည့်ဒေသဖြစ်သည်။ ဤတွင် အကြမ်းဖက် စစ်တပ်မှ သွားလာခွင့် ကန့်သတ်ထားသဖြင့် ကိုယ်ဝန်ဆောင်အပါအဝင် ကျေးလက်နေသူများမှာ ကျန်းမာရေးနှင့် ပတ်သက်၍ ဆိုးဆိုးရွားရွားဖြစ်စဉ်များကို ရင်ဆိုင်နေကြရသည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၅) ရက်နေ့ တွင် ရသေ့တောင်မြို့နယ်၊ ဒိုးတန်းကျေးရွာတွင် စစ်ဘေးရှောင်နေသည့် ကိုယ်ဝန်ဆောင် မိခင်တစ်ဦး မှာ မီးဖွားစဉ် မိခင်နှင့် ကလေးပါ အသက်ဆုံးရှုံးသွားသည်။ နိုဝင်ဘာလ နောက်ဆုံးတွင် ကျောက်တော်မြို့နယ်၊ တောင်မင်းကုလား စစ်ဘေးရှောင်စခန်း၌ မီးဖွားရအဆင်မပြေမှုကြောင့် အမွှာကလေး (၂) ဦး မွေးဖွားပြီး နာရီဝက်အကြာတွင် သေဆုံးသွားခဲ့သည့် ဖြစ်စဉ်များလည်း ဖြစ်ပွား ခဲ့သည်။ [28]

ရခိုင်ဒေသတွင် တိုက်ပွဲများကြောင့် ကုန်စည် စီးဆင်းမှုရပ်တန့်နေသည်။ အမျိုးသမီးများ၏ လစဉ်သုံး ပစ္စည်းသည်လည်း ဈေး ၁၀ ဆ တက်နေသည့် ဖြစ်စဉ်ကို ရခိုင်ပြည်နယ်ရှိ အမျိုးသမီးများ ကြုံတွေ့ နေရသည်။ ယခင်က အမျိုးသမီး လစဉ်သုံးပစ္စည်းသည် မြန်မာငွေကျပ် ၃၀၀

---

https://www.facebook.com/myanmarlabournews/posts/pfbid02S5yJxiMJeUd6F3zBXNfaKYQmVbhCPCKcvWceQLMnJ3oWetJ4RpWohGhaDPMjqTSjl

[27] Dawei Watch, 15 Feb 2024. https://www.facebook.com/DaweiWatch/posts/pfbid0RFVvztTMnReCZwB4dFzahvE2pJZwWmYm4C1QiehbX9yZWys5KUp7uNAo7cHB4tEEl

[28] Development Media Group, 6 Jan 2024. https://www.facebook.com/dmgnewsagency/posts/pfbid02r6pygNAgbj7rSDCkMPmEzqcBNc5H6d1srQqRqzqdvP5N3ir1zibZVhmBQksBeaqxl?_rdc=1&_rdr

ကျပ်သာရှိနေသော်လည်း ယခုတွင် ၃၀၀၀ ကျော်ထိ ဈေးမြောက်နေကြောင်း သိရှိရသည်။ အချို့အမျိုးသမီးများသည် လစဉ်သုံးပစ္စည်း ရှားပါးလာမှုကြောင့် ဓမ္မတာလာချိန်တွင် အိမ်ပြင်မထွက်ဘဲ အိမ်ထဲတွင် နေရကြောင်း မောင်တောမြို့နယ်၊ ရွက်ညိုတောင်ကျေးရွာမှ အမျိုးသမီးငယ်တစ်ဦးက ပြောပြလာသည်။[29]

ဖေဖော်ဝါရီ (၁၄)ရက်နေ့၌ မကွေးတိုင်း ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းရွာတွင် အခြေချထားသည့် အင်အား နှစ်ရာခန့်ပါသည့် စစ်ကြောင်းနှင့် ပျူစောထီးပူးပေါင်းအဖွဲ့များသည် စစ်ကြောင်းဝင်လာစဉ် ထွက်မပြေး နိုင်ဘဲ ပိတ်မိနေသော ပြည်သူများအား ဖမ်းဆီးပြီး သင်တောရွာတောင်ဘက် ဘုရားကုန်းနေရာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်။ ထို့အပြင် အမျိုးသမီး အချို့အားလည်း ၎င်းတို့ အခြေချသည့် မြောက်ခရန်းရွာသို့ ဖမ်းဆီးသွားပြီး ဖမ်းဆီးခံရသည့် အတိအကျကိုလည်း မသိရသေးပါ။ စစ်ကြောင်း ထိုးစဉ် သင်တောရွာမှ နေအိမ် ၂၀ နှင့်ရွှေဘိုရွာမှ နေအိမ် ၆ လုံးတို့ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ပြီး ထိုရွာမှ အရပ်သားများ ပိုင်ဆိုင်သည့် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များကိုပါ ကားကြီး၊ ကားငယ်များနှင့် မြောက်ခင်ရန်းရွာသို့ သယ်ယူသွားသည်ဟု သိရသည်။[30]

ဉာဏ်လင်းသစ် သုတေသန အဖွဲ့၏ ပြုစုချက်များအရ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း နိုင်ငံတဝန်းတွင် စစ်အုပ်စုမှ လူ (၅) ဦးနှင့်အထက် သေဆုံးစေခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု ဖြစ်စဉ်ပေါင်း အနည်းဆုံး (၃၇) ခုကို ကျူးလွန်ခဲ့ပြီး အရပ်သားပြည်သူ စုစုပေါင်း (၂၈၃) ဦး သတ်ဖြတ်ခဲ့ သည်။၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ နိုင်ငံတဝန်းတွင် စစ်အုပ်စုမှ လူ (၅) ဦးနှင့်အထက် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်ပေါင်း အနည်းဆုံး (၂၁၀)ခုကို ကျူးလွန်ထားကာ အရပ်သား ပြည်သူ စုစုပေါင်း ၂၀၇၉ ဦးထိ သတ်ဖြတ်ခံခဲ့ရသည်။ ထို့ပြင် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ ရသည့် ဖြစ်စဉ်နှင့်သေဆုံးမှုများ၏ ၅၀% ကျော် သည် စစ်ကိုင်း တွင်ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရသည်။[31]

---

[29] HI-Honest Information, 23 Jan 2024.
https://www.facebook.com/honestinfo/posts/pfbid02fdk1A2RepVj5sN8QsMvozb5ZAwhDYQnvZwtTnkX2MLgXLZ3tYVg5cxCwWibfJ34Xl

[30] RFA Burmese, 15 Feb 2024.
https://www.facebook.com/rfaburmese/posts/pfbid0TeJf7F5ouCvFQr2KYJxVeqL9AYE3kSBzzRMcUmZ453Edrwis9QHta7SQ9nAzrJqAl

[31] Nyan Lynn Thit Analytica, 8 March 2024.
https://web.facebook.com/story.php?story_fbid=796958722466151&id=100064560917461

## ၄။ စစ်ရှောင်များ အခြေအနေ

မြန်မာနိုင်ငံ တဝှမ်းလုံးတွင် အကြမ်းဖက် စစ်အုပ်စုသည် အရပ်သား ပြည်သူများအပေါ် ပစ်မှတ်ထား တိုက်ခိုက်ခြင်းနှင့် နိုင်ငံတဝှမ်းလုံးတွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူများ အရေအတွက် တစထက်တစ တိုးလာသည်။ အလွတ်သဘော အပစ်အခတ်ရပ်စဲရေးက ၂၀၂၃ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှ စတင် ပျက်ပြယ်ပြီးကတည်းက ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွေမှာ ခန့်မှန်းခြေ အိုးအိမ်စွန့်ခွါရသူ ၁၄၈,၅၀၀ ခန့် ရှိနေသည်။[32] မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် လူပေါင်း ၂ ဒသမ ၇ သန်းကျော် အိုးအိမ်စွန့်ခွါထွက်ပြေးနေကြရဆဲ ဖြစ်သည်။ စစ်ရှောင်အရေအတွက် များပြားလာသည်နှင့်အမျှ စစ်ရှောင်များ၏ လိုအပ်ချက်တိုးလာပြီး စစ်ရှောင်များအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုပိုမို များပြားလာသည့် ဖြစ်စဉ်များလည်း ဖြစ်ပွားလာသည်။

---

[32] United Nations OCHA Myanmar, 6 March 2024.
https://web.facebook.com/story.php?story_fbid=818125127026845&id=100064880940137

## ၅။ အနှစ်ချုပ်သုံးသပ်ချက်

အကြမ်းဖက် စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းသည့်ချိန်မှစ၍ အမျိုးသမီးများသည် တော်လှန်သည့် စိတ်ဓာတ်ကို အရင်းခံကာ တော်လှန်ရေးတွင် ရရာ ကဏ္ဍမှပါဝင်ခဲ့သည်။ တော်လှန်ရေးသည် နိမ့်၊မြင့် တက်ကျမှစ၍ အကြမ်းဖက် စစ်တပ်ကို တော်လှန်ရာမှ အမျိုးသမီးအား တဖက်သက် ဖိနှိပ်ထားသော အယူအဆ၊ အတွေးခေါ်၊ အပြုအမူ၊ ဓလေ့ထုံးတမ်းများကိုပါ တော်လှန်သည့် အတွေးခေါ် တော်လှန်ရေးထိ ကူးပြောင်းလာခဲ့သည်။ ၎င်းကဲ့သို့သော လုပ်ဆောင်မှု၊ တိုက်ခိုက်မှုများသည် မျှတသည့် လူမှုဘဝ တည်ဆောက်ရန်အတွက် များစွာ အထောက်အကူ ဖြစ်သည်ဟု သုံးသပ်မိသည်။ လက်နက်ကိုင် တော်လှန် ရေးတွင်လည်း အမျိုးသားများတန်းတူ တာဝန်ကျေပွန်နိုင်ခြင်းနှင့် အမျိုးသမီးများ၏ စွမ်းစွမ်းတမံ ပါဝင်မှုများသည်လည်း တော်လှန်ရေး (၃) နှစ်ပြည့်သည့်တိုင် ရပ်တန့်မသွားပေ။ သို့သော် ပါဝါခွဲဝေမှုနှင့် နေရာပေးမှုမှာ လိုအပ်ချက်များစွာ ရှိနေသေးသည်။ ဂျန်ဒါ ပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ အရောင်အသွေး စုံလင်စွာဖြင့် စတင်ခဲ့သော တော်လှန်ရေးတွင် အမျိုးသမီးများအား နည်းလမ်း တစုံတရာ နည်းအားဖြင့် ဖိနှိပ်မှု ရှိနေသေးခြင်းသည် တော်လှန်ရေး ရည်မှန်းချက်ကို နှောင့်နှေးနိုင်သည်ဟု တွေ့မြင် သုံးသပ်မိသည်။ တော်လှန်ရေးတွင် ပါဝင်နေသော အမျိုးသမီးများ၏ စိတ်ဓာတ်များ မှေးမှိန်၊ ကြောက်ရွံ့သွားစေရန် အကြမ်းဖက် စစ်တပ်သည် အမျိုးသမီးများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုကို တစထက် တစ ပိုမို ပြင်းထန်စွာ ပြုလုပ်လာသည်။ တက်ကြွလှုပ်ရှားသူ အမျိုးသမီးများ အပါအဝင် သာမန်အရပ်သား အမျိုးသမီးများထိ ဖမ်းဆီးခြင်းနှင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းများ အပါအဝင် သတ်ဖြတ်ခြင်းများကိုပါ ပြုလုပ်နေကြဆဲ ဖြစ်သည်။ မုဒိန်းကျင့်ခြင်းကို စစ်လက်နက် သဖွယ် အသုံးပြုမှုတွင် စစ်အုပ်စုသည် အသိစိတ်ကင်းမဲ့ကာ အဖွဲ့လိုက်၊ အစုလိုက်ပါ ပြောင်ပြောင်တင်းတင်း ကျူးလွန်လာသည်။ တိုက်ပွဲဖြစ်ပွားသည့် ဒေသများတွင် အပြစ်မဲ့ အမျိုးသမီးငယ်များအား တပ်မ၊ တပ်ရင်း မှ တပ်အဖွဲ့ဝင် (၃) ဦးမှ (၅) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် ပါဝင် ပတ်သတ်လာသည်။ အကြမ်းဖက် စစ်တပ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဥပဒေ ချိုးဖောက်ခြင်း၊ ညှာတာမှု မရှိသော ရမ်းကမ်းမှုများကိုသာ အစဉ်တစိုက် ပြုလုပ်နေခြင်းများကြောင့် အာမခံ ချက်ရှိသော တရားဥပဒေ စိုးမိုးမှုဆိုသည်မှာ မျှော်ကိုး၍ မရနိုင်သော အရာမျိုးသာ ဖြစ်နေတော့သည်။ အကြမ်းဖက်ခံရသူ၊ ကျူးလွန်ခံရသူ အမျိုးသမီးများအား အကူညီပေးနိုင်ရေး၊ လူသားချင်း စာနာထောက်ထားမှု အကူညီပေးနိုင်မှုများသည်လည်း အကြမ်းဖက်စစ်တပ်မှ လမ်းပန်း ဆက်သွယ်ရေးမှစ အင်တာနက် နှင့် ဆက်သွယ်ရေး လမ်းကြောင်းများအား ဖြတ်တောက်ထားမှုကြောင့် လိုအပ်သည်များ မရောက်ရှိနိုင်အောင် ဖြစ်နေရသည်။

မပြေလည်မှုများကြား အခက်အခဲမျိုးစုံကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ရာတွင် အချို့ အမျိုးသမီးများသည် လိမ်လည်ခံရမှုနှင့် လုပ်အားခေါင်းပုံဖြတ်ခံရမှုများစွာ ခံနေရသည်။ အရှေ့တောင်အာရှ နိုင်ငံများ အပါအဝင် အရှေ့အလယ်ပိုင်း ဒေသများထိ သွားရောက်ကာ ဒုက္ခဆင်းရဲများစွာ ခံနေရသည့် အမျိုးသမီးများစွာ ရှိနေသည်။ သက်ဆိုင်ရာ နိုင်ငံများ၏ ဥပဒေများအရ ဖမ်းဆီးခြင်းအပြင် အနေဆင်းရဲ၊ အစားဆင်းရဲစွာဖြင့် နေထိုင်ကြရသည်။ ရှေ့ကာလများတွင်လည်း ယင်းကဲ့သို့ ပြည်ပနိုင်ငံများတွင် တရားမဝင် သွားရောက်နေထိုင် လုပ်ကိုင်ခြင်းများ ပိုမိုများပြားလာကာ အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးမှာ ရတက်မအေးနိုင်စရာ ဖြစ်နေတော့သည်။

အကြမ်းဖက် စစ်အုပ်စုသည် ၎င်းတို့ အာဏာဖြန့်ကျက်ရန် အစွမ်းကုန် ကြိုးစားလာသည်။ တိုက်ပွဲ ဖော်ဆောင်ထားခြင်း မရှိသော နေရာ ဒေသများတွင်ရှိသော ပြည်သူများအား ပစ်မှတ်ထားကာ ဝေဟင်မှ သာမက မြေပြင်မှပါ တိုက်ခိုက်လာသည်။ လေကြောင်းတိုက်ခိုက်ရာတွင် ဂျက်လေယာဥ်ဖြင့် အသုံးပြုကာ ဗုံးကြဲတိုက်ခိုက်ခြင်း၊ ဓာတုလက်နက်များ အသုံးပြုလာခြင်းနှင့် မြေပြင်တွင် အစုလိုက် သတ်ဖြတ်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခြင်း၊အုပ်စုဖွဲ့ မုဒိန်းပြုကျင့်ခြင်း များကိုပါ အကြောက်လန့် ကင်းမဲ့စွာ လူ့ဂုဏ်သိက္ခာ၊ လူ့ကျင့်ဝတ်ကို ကျူးလွန် ချိုးဖောက်လာသည်။ အမျိုးသမီးများသည် ၎င်းကဲ့သို့ အနိဋ္ဌအာရုံ ဖြစ်ရပ်များတွင် သားကောင် ဖြစ်နေဆဲ ဖြစ်သည်။ စစ်မက် ဖြစ်ပွားရာ ဒေသမှ အမျိုးသမီးများ၏ လုံခြုံရေးသည်လည်း ကြောက်မက်ဖွယ်ကောင်းအောင်ပင် ခဲယဥ်းဆုတ်ယုတ်နေသည့်တိုင် အမျိုးသမီးများ သည် အကြမ်းဖက် စစ်အုပ်စုကိုသာမက ခေတ်အဆက်ဆက် ဖိနှိပ်ထားသော စနစ်ကိုပါ တော်လှန်နေကြဆဲ ဖြစ်သည်။